# ပထမအကြိမ်ပြည်သူ့လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး

## ပထမနေ့အစီအစဉ်

## [ ၉ - ၁ - ၂၀၁၃] ( ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ငါးဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

၃။ ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေငြာခြင်း။

၄။ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်ကြေညာခြင်း။

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပြန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ က နှုတ်ခွန်းဆက်စကားပြောကြားခြင်း။

၇။ ပထမအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးနှင့် ဆဋ္ဌမပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါဆောက်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း -

(က) ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၉-၁၁-၂၀၁၂ မှ ၂၅-၁၁-၂၀၁၂ ရက်နေ့အထိ ဥရောပနှင့် အာရှဖက်ဒရယ်စနစ်၏ အနာဂတ်အစည်းအဝေးတက်ရောက်ရန် ဂျာမနီနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်။

(ခ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးအောင်ကြိုင် ခေါင်းဆောင်ပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိန်းခင်းပေါင် ပါဝင်သော အဖွဲ့၏ ၂၁-၁၁-၂၀၁၂ မှ ၂၄-၁၁-၂၀၁၂ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ Interfaith Dialogue; the Parliamentary Role in Promoting Interfaith and Intercultural Cooperation အစည်းအဝေးသို့ သွားရောက်ခဲ့သည့် ခရီးစဉ်။

(ဂ) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်စိုးပါဝင်သော အဖွဲ့၏ ၂၃-၁၁-၂၀၁၂ မှ ၂၅-၁၁-၂၀၁၂ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံ ရွှေ့ပြောင်းလုပ်သားဆိုင်ရာ ပါလီမန်အမတ်များ၏ ညီလာခံတက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်။

(ဃ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးငွေဦးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ပါဝင်သောအဖွဲ့၏ ၃-၁၂-၂၀၁၂ မှ ၅-၁၂-၂၀၁၂ ရက်နေ့အထိ ဘရူးနိုင်းနိုင်ငံသို့ ချစ်ကြည်ရေးသွားရောက်ခဲ့သည့် ခရီးစဉ်။

(င) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင် ခေါင်းဆောင်ပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ယုနှင့် အဖွဲ့ဝင် တစ်ဦးပါဝင်သော အဖွဲ့၏ ၅-၁၂-၂၀၁၂ မှ ၇-၁၁-၂၀၁၂ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ဥပဒေပြုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယပိုင်း) တက်ရောက်ခဲ့သည့် ခရီးစဉ်။

(၈) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးအေး၊ ဟုမ္မလင်း မဲဆန္ဒနယ်(ကိုယ်စား) ဦးခင်မောင်ရွှေ၊ တမူးမဲဆန္ဒနယ်၏ တမူးမြို့နယ်နှင့် ဆက်သွယ်သည့် အောင်ဇေယျလမ်းအား ၁၂ ရာသီ သွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးခင်မောင်ရွှေ၊ တမူးမဲဆန္ဒနယ်၏ တမူးမြို့အပေါ်ရှိ ခင်းထားသော ကတ္တရာလမ်းများအား နိုင်ငံတော် အထောက်အပံ့နှင့်ကတ္တရာ ထပ်ပိုးလွှာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးကျော်သီဟ၊ ပြင်ဦးလွင် မဲဆန္ဒနယ်၏ ပြင်ဦးလွင်မြို့ မြို့ရှောင်လမ်း စီမံကိန်းအား မည်သည့်အချိန်တွင် ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်နှင့် စီမံကိန်းကာလအတွင်း မြို့တွင်းဖြတ်သန်းသွားနေသော ကုန်တင်ယဉ်ကြီးများ၏ အရွယ်အစားနှင့် ဝန်အားကန့်သတ်စိစစ်ရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးခွန်မောင်သောင်း ၊ပင်လောင်း မဲဆန္ဒနယ်၏ အောင်ပန်း-ပင်လောင်း-လွိုင်ကော် ပြည်ထောင်စု ကားလမ်းမပေါ်ရှိ မိုင်တိုင်အမှတ် ၄၁/၀ မှ ၄၁/၃ နှင့် မိုင်တိုင်အမှတ် ၄၀/၇ မှ ၅၀/၂ ရှိကားလမ်းမကို ယာဉ်အန္တရာယ်နှင့် ခရီးသွားလုပ်သားပြည်သူ အန္တရာယ်ကင်းဝေးစေရေး ချဲ့ထွင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း။

(င) ဦးဇော်ထွန်း၊ လပွတ္တာ မဲဆန္ဒနယ်၏ ကန်ဘက်ကျေးရွာအုပ်စု၊ အခြေခံပညာအထက်တန်းကျောင်း၌ ခန့်ဂုန်ကျန် ၁၅ ဦးတို့အား အပြည့်အဝ ခန့်ထားပေးနိုင်ရေးနှင့် ကျောင်းဆောင် လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း။

(စ) ဦးထန်းလိန်၊ မင်းတပ်မဲဆန္ဒနယ်၏ ချင်းပြည်နယ်၊ မင်းတပ်မြို့အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရေးအတွက် ရန်ပုံငွေခွဲဝေပြုပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း။

၉။ ပထမအကြိမ် ပထမအကြိမ်ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးတွင် ကျန်ရှိသည့် ကြယ်ပွင့်ပြ မေးခွန်းများနှင့် ကြယ်ပွင့်မပြမေးခွန်းများအား သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ စာဖြင့်ဖြေကြားခြင်းများနှင့် စပ်လျဉ်း၍ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ ရှင်းလင်းတင်ပြခြင်း။

၁၀။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော "**သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲရေး ဥပဒေကြမ်း**" ကို လက်ခံရရှိကြောင်းလွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၁၁။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော "**သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲရေး ဥပဒေကြမ်း**" နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း။

၁၂။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော "**ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေကြမ်း**" နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း။

၁၃။ "**ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**" နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြားရှင်းလင်းခြင်း။

၁၄။ "**၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းအုပ်ထိန်းသူအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**" ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းခြင်း။

၁၅။ "**၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းအုပ်ထိန်းသူအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**" နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြားရှင်းလင်းခြင်း။

၁၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက "**၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**" ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၇။ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ် "**၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**" တင်သွင်းခြင်း။

၁၈။ "**၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**" နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြားရှင်းလင်းခြင်း။

၁၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက"**၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**" ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၂၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။